# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၃ |
| ၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း | ၃ |
| ၅ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၇ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း | ၆ |
| ၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဥ္စမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၇ |
| ၉ | (က) သဘာဝရေချို ငါးပုစွန်များ၊ ရေငန်ပုစွန်များ လျော့နည်းကျဆင်းလာမှုအခြေအနေ၊ ဖမ်းဆီးထုတ်လုပ်နိုင်မှု အခြေအနေ၊ ပြောင်းလဲလာမှု အနေအထားနှင့် ရေရှည်တိုးပွားပေါက်ဖွား ရှင်သန်နိုင်ရေးတို့ကို သုတေသနပြု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၁၀ | (ခ) သမဝါယမတက္ကသိုလ် ဆရာ ဆရာမများအား အခြားတက္ကသိုလ် ဆရာ၊ ဆရာမများနည်းတူ ဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၁ | (ဂ) လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရေကာတာ ၂၃ မိုင်နှင့် မြစ်မခ အရှေ့ဘက်ကမ်း ရေကာတာများကို တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာ | ၁၇ |

| | | |
|---|---|---|
| | လည်းဖြစ်စေမည့် အကြီးစား တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | |
| ၁၂ | (ဃ) သရက်မြို့နယ်၊ ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့သွားသော ၇ မိုင်ခန့်ရှိသည့် လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၁ |
| ၁၃ | (င) ဆားလင်းကြီးမြို့နယ်အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားသော ချင်းတွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ရုတ်သိမ်း၍ မူလအတိုင်း စိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြုပြင် ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ တောင်သူများသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာတမံ ဥပဒေကြမ်းကို တင်သွင်းခြင်း | ၂၈ |
| ၁၅ | တာတာမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၂၉ |
| ၁၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၄၄ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၄၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၈–၅–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦး နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော် သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ငြိမ်းချမ်းရေးကော်မရှင်မှ ဦးခင်ဇော်ဦး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄–၃–၂၀၁၇ မှ ၄–၄–၂၀၁၇ ရက်နေ့အထိ နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃–၄–၂၀၁၇ မှ ၆–၄–၂၀၁၇ ရက်နေ့အထိ

လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် **AIPA Communication Master Plan and Corporate Design** အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ မှ ၂၇-၄-၂၀၁၇ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့် လွှတ်တော် လေ့လာရေး ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၏ ၁-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန်နိုင်ငံ၌ **Federalism and U.S Governmental System** ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်သည့် **International Visitor Leadership Program** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၏ ၇-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန် နိုင်ငံ၌ ကျင်းပပြုလုပ်သည့် **GE ASEAN Governmental Leaders Program ( AGLP)** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈-၅-၂၀၁၇ မှ ၁၀-၅-၂၀၁၇ ရက်နေ့အထိ ဖင်လန်နိုင်ငံ၌ ကျင်းပ ပြုလုပ်သည့် **Parliament's Role in Building Effective, Accountable and Inclusive Institutions for Sustainable Development** ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာဦးသန်းဝင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၁–၅–၂၀၁၇ မှ ၁၃–၅–၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ) ဦးပေါခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၆–၅–၂၀၁၇ မှ ၁၈–၅–၂၀၁၇ ရက်နေ့အထိ စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်ရုံ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ည) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝေဖြိုးအောင် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၇–၅–၂၀၁၇ မှ ၂၁–၅–၂၀၁၇ ရက်နေ့အထိ ယူကရိန်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် **Global Legislative Opennes Conference** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **သဘာဝရေချို ငါးပုစွန်များ၊ ရေငန် ငါးပုစွန်များ လျော့နည်းကျဆင်းလာမှုအခြေအနေ၊ဖမ်းဆီးထုတ်လုပ်နိုင်မှု အခြေအနေ၊ ပြောင်းလဲလာမှုအနေအထားနှင့် ရေရှည်တိုးပွား ပေါက်ဖွား ရှင်သန်နိုင်ရေးတို့ကို သုတေသနပြု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **သမဝါယမ တက္ကသိုလ် ဆရာ၊ ဆရာမများအား အခြားတက္ကသိုလ် ဆရာ၊ ဆရာမများ နည်းတူ ဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရေကာတာ(၂၃)မိုင်နှင့် မြစ်မခ အရှေ့ဘက်ကမ်းရေကာတာများကို တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်း ဖြစ်စေမည့် အကြီးစားတည်ဆောက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်၊ ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့ သွားသော (၇)မိုင်ခန့်ရှိသည့် လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ် အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားသော ချင်းတွင်းလျှပ်စစ် မြစ်ရေတင် စီမံကိန်းကို ရပ်သိမ်း၍ မူလအတိုင်း စိုက်ပျိုးမြေများ အဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ တောင်သူများသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **"တာတမံ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၀။ **"တာတမံ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တာတမံဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
## (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

**ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက် ရက်စွဲပါကြေညာချက်အမှတ်(၅/၂၀၁၇)ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ၉ ဦးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါကြေညာချက်အမှတ်(၈/၂၀၁၇)အရ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာမပြုရသေးတဲ့အတွက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်တဲ့အတွက် ယခုကတိသစ္စာပြုရမယ့် လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့စားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာ မိမိတို့ရဲ့နာမည်ကိုဖြည့်စွက်ပြီး ကတိသစ္စာပြုပေးဖို့ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၏ ကတိသစ္စာပြုချက်-

ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ကတိသစ္စာပြုပါသည်။

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ မဲဆန္ဒနယ်၊ ရာထူးကို ရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာများကို အပ်နှံကြရန်ဖြစ်ပါတယ်။ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

ကတိသစ္စာပြုသည့် ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦး နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၂ ရက်၊

(၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၂ ရက်၊

(၃) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၂ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၁ ရက်၊

(၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၇ ရက်၊

(၇) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၁၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁၄ ရက်၊

(၁၁) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျော်ဝမ်း ခွင့် ၁၄ ရက်၊

(၁၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊

(၁၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၁၄) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၁၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၁၇) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၈) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် ခွင့် ၅ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၂ ရက်၊

(၂၁) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် ခွင့် ၂ ရက်၊

(၂၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွန်း ခွင့် ၂ ရက်၊

(၂၃) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၉ ရက်၊

(၂၄) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၉ ရက်နှင့်

(၂၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၂၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ကျန်းမာရွှင်လန်းစွာဖြင့် တက်ရောက်လာကြတာတွေ့ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးနိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ပြီးခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတဲ့ ကိုယ်စားလှယ်များနှင့် အစားထိုးပြောင်းလဲထားတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ စတင်ကျင်းပတဲ့ ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေနဲ့ စတုတ္ထပုံမှန်အစည်းအဝေး ပြီးဆုံးချိန်မှာ ကျန်ရှိခဲ့တဲ့ ဥပဒေကြမ်း ၁၀ ခုနဲ့ အသစ်ထပ်မံရောက်ရှိလာမယ့် ဥပဒေကြမ်းများကို ဆက်လက် ဆွေးနွေးသွားကြရမှာဖြစ်ပါတယ်။ အဆိုများအနေနဲ့ စတုတ္ထပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိတဲ့ အဆို သုံးခုနဲ့ အသင့်ဖြစ်အဆို ၂၂ ခုရှိတဲ့အတွက် ဆောက်ရွက်ရန်အဆိုစုစုပေါင်း ၂၅ ခုဖြစ်ပါတယ်။ မေးခွန်းများအနေနဲ့ စတုတ္ထပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၄၁ ခုအပါအဝင်စုစုပေါင်း အသင့်ဖြစ်ကြယ်ပွင့်ပြ မေးခွန်း ၁၆၄ ခုရှိပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင်လည်း နိုင်ငံရေးရည်မှန်းချက် အပြောင်းအလဲများနဲ့အတူ မူဝါဒ သဘောတရားနဲ့ လုပ်ငန်းစဉ်အပြောင်းအလဲများကို ထင်ထင်ရှားရှားတွေ့မြင်နေကြရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကမ္ဘာ့နိုင်ငံများအားလုံးဟာ ၎င်းတို့နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကိုသာ အဓိက ဦးစားပေးဆောင်ရွက်ကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း ကမ္ဘာ့ အပြောင်းအလဲမှာ လိုက်ပါပြောင်းလဲတိုးတက်နိုင်တဲ့နိုင်ငံအဖြစ် ဖန်တီးပုံဖော်ဆောင်ရွက်သွားကြဖို့

လိုအပ်မှာဖြစ်ပါတယ်။ ဥပဒေတို့မည်သည် ပြောင်းလဲလာတဲ့ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲရတဲ့သဘောရှိပါတယ်။ နိုင်ငံရေးမူဝါဒ၊ စီးပွားရေးစနစ်၊ လူမှုရေးဘဝတွေပြောင်းလဲတဲ့အခါမှာလည်း ဥပဒေတို့ကို လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲပေးရပါတယ်။ ယင်းအပြောင်းအလဲများနှင့် ညီညွတ်မျှတအောင် မိမိတို့ကိုယ်တိုင်ကလည်း ပုံစံကျနေတဲ့အတွေးအခေါ်အလေ့အထ Mind-set တွေကို ပြောင်းလဲခံယူကျင့်သုံးနိုင်ကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေးကာလဟာ စတင်ကာစဖြစ်ပြီး များစွာနုနယ်တဲ့အခြေအနေမှာရှိပါသေးတယ်။ ဒီမိုကရေစီစံချိန်စံညွှန်းတွေ ရောက်ရှိဖို့ များစွာကြိုးပမ်းအားထုတ်ကြရဦးမှာဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးအတွက် အခက်အခဲအကျပ်အတည်းတွေကို ကျော်လွှားကြရဦးမှာဖြစ်ပါတယ်။ ပြည်သူတွေအကြား ဒီမိုကရေစီအလေ့အကျင့်တွေ ခိုင်မာအားကောင်းစေဖို့ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီအခွင့်အရေးရှိရင် တာဝန်နဲ့ဝတ္တရားလည်းရှိတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များက စံနမူနာပြကျင့်ကြံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုခိုင်မာဖို့အတွက် အပြောင်းအလဲဟာ ဆက်လက်ဆောင်ရွက်ကြရမယ့် Process အဖြစ် ခံယူထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံသူနိုင်ငံသားများရဲ့ ဒီမိုကရေစီအခွင့်အရေးများရရှိပြီး လူမှုစီးပွားဘဝမြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ငြိမ်းချမ်းရေးကော်မရှင်မှ ဦးခင်ဇော်ဦး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၃-၂၀၁၇ ရက်နေ့မှ ၄-၄-၂၀၁၇ ရက်နေ့အထိ နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၄-၂၀၁၇ ရက်နေ့မှ ၆-၄-၂၀၁၇ ရက်နေ့အထိ လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် AIPA Communication Master Plan and Corporate Design အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ ရက်နေ့မှ ၂၇-၄-၂၀၁၇ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ ရက်နေ့မှ ၂၈-၄-၂၀၁၇ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့် လွှတ်တော်လေ့လာရေးခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၏ ၁-၅-၂၀၁၇ ရက်နေ့မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန်နိုင်ငံ၌ Federalism and U.S Governmental System ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် International Visitor Leadership Program သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၏ ၇-၅-၂၀၁၇ ရက်နေ့မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် GE ASEAN Governmental Leaders Program(AGLP)သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၈-၅-၂၀၁၇ ရက်နေ့မှ ၁၀-၅-၂၀၁၇ ရက်နေ့အထိ ဖင်လန်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် Parliament's Role in Building Effectives, Accountable

and Inclusive Institutions for Sustainable Development ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ(အငြိမ်းစား) ဒေါက်တာသန်းဝင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၁-၅-၂၀၁၇ ရက်နေ့မှ ၁၃-၅-၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဒေသဆိုင်ရာဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ)ဦးပေါ်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ၁၆-၅-၂၀၁၇ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့အထိ စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ည) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၇-၅-၂၀၁၇ ရက်နေ့မှ ၂၁-၅-၂၀၁၇ ရက်နေ့အထိ ယူကရိန်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် Global Legislative Openness Conference သို့ သွားရောက်ခဲ့သည့်ခရီးစဉ် တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သဘာဝရေချို ငါးပုစွန်များ၊ ရေငန်ငါးပုစွန်များ လျော့နည်းကျဆင်းလာမှုအခြေအနေ၊ ဖမ်းဆီးထုတ်လုပ်နိုင်မှုအခြေအနေ၊ ပြောင်းလဲလာမှုအနေအထားနှင့် ရေရှည်တိုးပွားပေါက်ဖွားရှင်သန်နိုင်ရေးတို့ကို သုတေသနပြု လေ့လာဆန်းစစ်ချက်များဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ သဘာဝရေထွက်ပစ္စည်းနှင့်ပတ်သက်တဲ့ကိစ္စဖြစ်ပါတယ်။ ရေရှိရင် ငါးရှိတယ်ဆိုတဲ့ သာမန်ပြည်သူတွေရဲ့အယူအဆဟာ လက်ရှိအခြေအနေမှာ မမှန်ကန်တော့တာကို တီဗွီသတင်း၊ ဂျာနယ်တွေမှာ ဖတ်ခဲ့ကြားခဲ့ရပါတယ်။ ယခင်က ပင်လယ်ကမ်းအနီးမှာ ဖမ်းလို့ရတဲ့ ရေထွက်ကုန်တွေဟာ လက်ရှိမှာ ပင်လယ်ရေနက်ထဲကိုဝင်ပြီးတော့မှ ရှာဖွေရရှိတဲ့အခြေအနေတွေဖြစ်လာတာ တွေ့ရ၊ ကြားနေရပါတယ်။ လွန်ခဲ့တဲ့ တနင်္လာနေ့ BBC သတင်းထုတ်လွှင့်ချက်မှာဆိုလို့ရှိရင် မြန်မာ့ငါးသလောက်တွေဟာ ရှားပါးလာတဲ့အပြင် အကောင်တွေသေးငယ်လာကြောင်း ထုတ်လွှင့်ခဲ့တာ ကြားခဲ့ရပါတယ်။ သဘာဝရေထွက်ပစ္စည်းထဲက အဓိကစားသုံးကုန်ဖြစ်တဲ့ ငါးနဲ့ ပုစွန်လို ရေထွက်ပစ္စည်းတွေနဲ့ပတ်သက်လို့ ရေချိုနှင့်ရေငန်နှစ်ပိုင်းကထွက်ရှိတဲ့အတွက် ကုန်းတွင်းပိုင်းအနေနဲ့ မြစ်၊ ချောင်း၊ အင်းအိုင်တွေက ထွက်ရှိတဲ့ရေချို ပုစွန်၊ ငါးနှင့် နိုင်ငံပိုင်ပင်လယ်နယ်နိမိတ်အတွင်းကထွက်ရှိတဲ့ ရေငန်ငါး၊ ပုစွန်တွေရရှိနိုင်ပါတယ်။ လက်ရှိကာလမှာ ရေချိုအပိုင်းအနေနဲ့ ပြည်သူတွေရဲ့အသိပညာဗဟုသုတနည်းပါးမှု၊ မဆင်မခြင်ဖမ်းဆီးနေမှု၊ မှိုင်းခဲ့တာ၊ ဆေးဝါးသုံးစွဲတာတွေနဲ့ ဝါယာလျှော့ရိုက်တာတွေ၊ ဖမ်းဆီးတာတွေကြောင့် ဂေဟစနစ်ပျက်ယွင်းပြီးတော့ ငါး၊ ပုစွန်တွေဟာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းရှားပါး

လာတာ တွေ့ရပါတယ်။ အလားတူ နိုင်ငံပိုင်ပင်လယ်ပြင် နယ်နိမိတ်အတွင်းမှာလည်း ငါးနှင့် ရေထွက်ပစ္စည်းတွေ တရားမဝင်ခိုးယူဖမ်းဆီးမှု ခွင့်ပြုသတ်မှတ်ပေးထားတဲ့ ဖမ်းဆီးနည်းစနစ်၊ အသုံးပြုရမယ့် ဖမ်းဆီးကိရိယာ၊ ဖမ်းဆီးကာလ၊ ဖမ်းဆီးခွင့်ပမာဏတွေနဲ့အညီ လိုက်နာမှုအားနည်းတာတွေ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် ဂေဟစနစ်ပျက်ယွင်းလာတဲ့အခြေအနေတွေ စတဲ့ မြစ်ချောင်းအင်းအိုင်တွေ ခမ်းခြောက်လာမှု၊ ပျက်စီးလာမှု၊ ရေထုညစ်ညမ်းလာမှု၊ အကြောင်းအမျိုးမျိုးကြောင့် ရေထွက်ပစ္စည်းတွေ တဖြည်းဖြည်း ပျက်စီးလျော့နည်းကျဆင်းပျောက်ဆုံးလာမှာ စိုးရိမ်ရပါတယ်။ ကျွန်တော် တင်ပြသလို လူဦးရေတိုးပွားလာတာနှင့်အမျှ လူသားတွေအတွက် မရှိမဖြစ်စားသုံးဖို့ လိုအပ်တဲ့ငါး၊ ပုစွန်လို ရေထွက်ပစ္စည်းတွေ ရေရှည်မပျောက်မပျက်လျော့နည်းကျဆင်းမှုမဖြစ်လာစေဖို့ စနစ်တကျသုတေသနပြု လေ့လာမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုစတဲ့ အစားထိုးဆောင်ရွက်ပေးမှုတွေလုပ်ဖို့ လိုအပ်လာတာတွေ့ရပါတယ်။ တစ်ဖက်ကလည်း လူသားတွေရဲ့ အလုပ်အကိုင်ရရှိမှု၊ ဆင်းရဲမှုလျှော့ချရေးအတွက်လည်း ရေရှည်အထောက်အကူပြုနိုင်ဖို့ လိုအပ်လာတဲ့အတွက်ကြောင့် ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းသုံးခု မေးမြန်းလိုပါတယ်။

(၁) ကုန်းတွင်းပိုင်း မြစ်၊ ချောင်း၊ အင်းအိုင်များမှာ ရှင်သန်ပေါက်ဖွားကြတဲ့ ငါး၊ ပုစွန်များရှင်သန်ပေါက်ဖွားမှု လျော့နည်းကျဆင်းလာမှုအခြေအနေနဲ့ နိုင်ငံပိုင်ပင်လယ်ပြင်အတွင်းမှာ ငါး၊ ပုစွန်အစရှိတဲ့ ရေသယံဇာတတွေရဲ့ သဘာဝအရ ဝင်/ထွက်သွားလာမှု၊ သဘာဝနှင့် ဖမ်းဆီးထုတ်လုပ်နိုင်မှုအခြေအနေ၊ ပြောင်းလဲလာမှုများအနေအထားကို သုတေသနပြု လေ့လာနိုင်မှုရှိ/မရှိနှင့် သုတေသနပြု လေ့လာတွေ့ရှိချက်များရှိလျှင်လည်း ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ၊ (၂) သဘာဝ ရေချိုငါး၊ ပုစွန်တစ်နှစ်ထက်တစ်နှစ် လျော့နည်းပျောက်ဆုံးလာမှုမဖြစ်စေဖို့ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေနှင့် ရေငန် ငါး၊ ပုစွန်များရေရှည်ထုတ်လုပ်နိုင်ဖို့အတွက် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းနိုင်မယ့် အစီအမံသုတေသနပြုလေ့လာမှုများနှင့် ဖမ်းဆီးထုတ်လုပ်နေမှုအခြေအနေအပေါ် ထိန်းသိမ်းဆောင်ရွက်နေမှုများအခြေအနေ ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ၊ (၃) သဘာဝရေချို ငါး၊ ပုစွန်များ လျော့နည်းပျောက်ဆုံးလာတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်များမှာ ဖြစ်ပေါ်နေတဲ့ ဂေဟစနစ်ပျက်ယွင်းမှုများကို လေ့လာပြုပြင်ဆောင်ရွက်ရန်အစီအမံများနှင့် အစားထိုးဖြည့်ဆည်းဆောင်ရွက်ရန် အစီအမံများရှိ/မရှိနှင့် ရေငန် ငါး၊ ပုစွန် အစရှိတဲ့ရေသယံဇာတများရဲ့ သဘာဝအရ ရေရှည်တိုးပွား ပေါက်ဖွားရှင်သန်နိုင်ရေးနှင့် နိုင်ငံတော်ပိုင်နယ်နိမိတ်အတွင်း ပိုမိုသွားလာကျက်စားနိုင်စေမယ့် သုတေသနပြု လေ့လာဆန်းစစ်

ချက်များဆောင်ရွက်ရန် အစီအစဉ်များရှိလျှင် ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါ့မယ်။ နိုင်ငံတော်ရဲ့ ရေသယံဇာတ ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေလိုတဲ့စေတနာနဲ့ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးတဲ့မေးခွန်းအပေါ်မှာ ဝန်ကြီးဌာနအနေနဲ့လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ရေချိုငါး၊ ပုစွန်လုပ်ငန်းနှင့် ရေငန်ငါး၊ ပုစွန်လုပ်ငန်းဆိုပြီး အပိုင်းနှစ်ပိုင်းပါရှိပါတယ်။ အဆိုပါအပိုင်းလိုက် သုတေသနပြုဆောင်ရွက်နိုင်မှု၊ ထိန်းသိမ်းဆောင်ရွက်မှု အစားထိုးဖြည့်ဆည်းဆောင်ရွက်တဲ့အစီအမံများနှင့်စပ်လျဉ်းပြီး မေးမြန်းထားတာကို တွေ့ရှိရတဲ့အတွက် အပိုင်းလိုက် ပြန်လည်ရှင်းလင်း ဖြေကြားပေးပါ့မယ်။ ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်းပြီး သုတေသနပြုဆောင်ရွက်ချက်တွေကိုတင်ပြရမယ်ဆိုရင် ရေချိုငါးသယံဇာတတည်ရှိမှုကို ဖမ်းဆီးရမိတဲ့ငါးမျိုးစိတ်တွေ၊ အရွယ်အစားများ၊ ကောင်ရေနှင့်အလေးချိန်များ၊ မျိုးပွားအင်္ဂါဖွံ့ဖြိုးမှုများ စတဲ့ ငါးလုပ်ငန်းဆိုင်ရာအညွှန်းကိန်း(Fisheries Indicators)များနဲ့ တိုင်းတာပါတယ်။ ဒီအညွှန်းကိန်းတွေကို သုတေသနပြုစာရင်းကောက်ယူပြီး နှစ်စဉ်မှတ်တမ်းပြုစုထားရှိပြီး ရလာတဲ့မှတ်တမ်းတွေကို နှစ်စဉ်နှိုင်းယှဉ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတွေကိုလည်းပဲ ဖြန့်ဝေအသိပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေမှာ ဩစတြေးလျနိုင်ငံ ACIAR အဖွဲ့အစည်းနှင့်ပူးပေါင်းပြီး MY Fish စီမံကိန်းကနေ ငါးလုပ်ငန်းဦးစီးတက္ကသိုလ်များနှင့်ပူးပေါင်းပြီး ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းတွေကို ဧရာဝတီမြစ်၊

ချင်းတွင်းမြစ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ဆောင်ရွက်ခဲ့ပြီးတော့ သုတေသနတွေ့ရှိချက် စာတမ်း(၅)စောင်ကိုလည်းပဲ ပုံနှိပ်ထုတ်ဝေ အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ရေချိုငါးလုပ်ငန်း၊ ငါးသယံဇာတထိန်းသိမ်းဆောင်ရွက်နေမှုနှင့် အစားထိုးဖြည့်ဆည်းဆောင်ရွက်တဲ့ အစီအမံများနှင့်စပ်လျဉ်းပြီးတော့ ရေချိုငါးလုပ်ငန်းရေပြင်တွေကို ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါငါးဖမ်းကွက်များ၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုတဲ့ ရေပြင်များဆိုပြီး သတ်မှတ်ပြီး တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေ(၁၉၉၁)၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြဌာန်းထားတဲ့ ရေချိုငါးလုပ်ငန်းဥပဒေများနှင့်အညီ ခွဲခြားစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ငါးရစ်ငါးသန်ရာသီကို ငါးမဖမ်းရကာလ (Closed Season) သတ်မှတ်ပြီး ငါး/ပုစွန်မဖမ်းရ ဧရိယာသတ်မှတ်ခြင်း၊ ဇီဝမျိုးစုံ/မျိုးကွဲ(Biodiversity)နှင့် ဒီရေတောဂေဟစနစ်(Mangrove Ecosystem) တွေကိုလည်း ထိန်းသိမ်းခြင်း၊ နှစ်စဉ် မျိုးစိုက်ထည့်ခြင်း၊ နှစ်ရှည်လုပ်ကိုင်ခွင့်(ကြေးတိုင်အင်းများ) ခွင့်ပြုပြီး အင်းများပြုပြင်ထိန်းသိမ်းခြင်းများအပြင် တိုင်းရင်းငါးမျိုးထိန်းသိမ်းခြင်းအတွက် Capture Based Culture စနစ်၊ ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် Culture Based Capture စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဂရန်အင်းများတိမ်ကောပပျောက်မှုမှ ကာကွယ်နိုင်ဖို့နှင့် ငါးလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များ စနစ်တကျသုတေသနပြု မှတ်တမ်းရယူနိုင်ဖို့အတွက်လည်း တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုမှာရှိတဲ့ ဂရန်အင်း ၁၁ ခုကို ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ အထိ သုတေသနအင်းများအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ငါးသယံဇာတထိန်းသိမ်းရေးနှင့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ Forum များ ကျင်းပနိုင်သလို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနနှင့် Flora and Fauna International(FFI) တို့ပူးပေါင်းပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တို့မှာ ရေချိုငါးမျိုးစိတ်များ တည်ရှိမှု သုတေသနလုပ်ငန်းကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံမှာရှိတဲ့ KOICA အဖွဲ့အစည်းနှင့် ပေါင်းပြီး ရေချိုငါးမွေးမြူရေးသုတေသနစင်တာကို မန္တလေးမြို့မှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်တည်ထောင်ပြီး ရေချိုတိုင်းရင်းငါးမျိုးစိတ်တွေကို သုတေသနပြုသားဖောက်ခြင်း၊ မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရေငန်ငါးလုပ်ငန်းနှင့်စပ်လျဉ်းပြီး သုတေသနပြုဆောင်ရွက်ချက်တွေကို ဆက်လက်တင်ပြရမယ်ဆိုရင် မြန်မာ့ပင်လယ်ပြင်အတွင်းမှာရှိတဲ့

ငါးသယံဇာတများ တည်ရှိမှုအခြေအနေကို ယေဘုယျအားဖြင့် ငါးလုပ်ငန်းဆိုင်ရာအညွှန်းကိန်းများ (Fisheries Indicators)၊ တစ်နာရီ ငါးအထိအမိ (Catch per Unit Effort) နှစ်စဉ် မျိုးတုန်းမှု မရှိစေဘဲ အမြင့်ဆုံးထုတ်လုပ်နိုင်မှုပမာဏ (Maximum Sustainable Yield -MSY) နဲ့တိုင်းတာ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ ရေငန်ငါးလုပ်ငန်းသုတေသနနှင့်စပ်လျဉ်းပြီး ငါးလုပ်ငန်းရေပြင်မှာ သိပ္ပံနည်းကျ ငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးစုံ/မျိုးကွဲ စစ်တမ်းကောက်ယူခြင်းကိုလည်းပဲ ၁၉၇၉-၁၉၈၀ ခုနှစ်မှာ မြန်မာ့ရေလုပ်ငန်းမှ နိုင်ငံတကာနှင့် ဒေသတွင်း ငါးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အောက် အတွင်း ဂေဟစနစ်ရေရှည်တည်တံ့ဖို့အတွက် ပူးပေါင်းဆောင်ရွက်တဲ့စီမံကိန်းဖြစ်တဲ့ BOBLME Project နှင့် Norwegian Agency for Development Cooperation အထောက်အပံ့နဲ့ ဆောင်ရွက်ခဲ့တဲ့ သုတေသနရလဒ်တွေကိုလည်းပဲ ၂၀၁၆ ခုနှစ် ရန်ကုန်မြို့မှာ ငါးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများကိုလည်း ချပြရှင်းလင်းအသိပေးဆောင်ရွက်ခဲ့ပါတယ်။ ရေငန်ငါးလုပ်ငန်း၊ ငါးသယံဇာတထိန်းသိမ်းဆောင်ရွက်နေမှုနဲ့ ရေငန်ငါး၊ ပုစွန်များ ရေရှည် ထုတ်လုပ်ဖို့အတွက် ငါးဖမ်းစွမ်းအားစုများကိုထိန်းချုပ်ခြင်း(Fishing Pressure)၊ ငါးဖမ်းကိရိယာ၊ နည်းများကို ကန့်သတ်ခြင်း (Limitation of Fishing Gear/ Method)၊ ငါးဖမ်းရေယာဉ်များကို ကန့်သတ်ခြင်း(Limited Number of Fishing Vessels)၊ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်း (Closed Season / Closed Area)၊ ငါးဖမ်းရက်လျှော့ချခြင်း (Limited Fishing Day) များ ဆောင်ရွက်နေတဲ့အပြင် တရားမဝင်ငါးဖမ်းဆီးခြင်းတွေကိုလည်းပဲ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ဖမ်းဆီးခြင်းလုပ်ငန်းတွေကို လျှော့ချပြီး မွေးမြူရေးလုပ်ငန်း တိုးပွားလာစေရေးကို လည်းပဲ အားပေးကူညီဆောင်ရွက်လျက်ရှိပါတယ်။ ငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာ (Vessel Monitoring System) အသုံးပြုနိုင်စေဖို့နဲ့ ငါးသယံဇာတပြုန်းတီးမှုမဖြစ်ပေါ်စေတဲ့ တရားမဝင် ငါးဖမ်းဆီးမှု တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားငါးလုပ်ငန်းစီမံချက်ကို လည်းပဲ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနနှင့် Flora and Fauna International တို့ပူးပေါင်းပြီး ကမ်းနီးရေတိမ်ဒေသ ရေအဏ္ဏဝါပြင် ရဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် ဂေဟစနစ်တွေ ရေရှည်တည်တံ့စေဖို့ ဒေသခံရေလုပ်သားတွေရဲ့ အသက်မွေး

မူကြမ်း

ဝမ်းကျောင်းနှင့် ယဉ်ကျေးမှုကို တိုးမြှင့်ပေးနိုင်ဖို့ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ဒေသတွင်း ငါးသယံဇာတများနှင့် ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုက အထောက်အကူပြုနိုင်စေဖို့အတွက် ဒေသခံတွေနဲ့ ပူးပေါင်းစီမံခန့်ခွဲတဲ့ အဏ္ဏဝါရေပြင်သုံးခုကို တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုနဲ့ ဘုတ်ပြင်းမြို့နယ်တို့မှာ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဂေဟစနစ် ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းနဲ့ သုတေသနလုပ်ငန်းတွေဟာ ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာလည်း လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ ငွေကြေးအကူအညီနဲ့ များစွာလိုအပ်မှာဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေရရှိမှု၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီရရှိမှုအပေါ် မူတည်ပြီး ရေရှည်ထုတ်လုပ်နိုင်ရေးနှင့် သယံဇာတပြုန်းတီးမှုမရှိစေရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ စီမံကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ခြုံငုံသုံးသပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သမဝါယမတက္ကသိုလ် ဆရာဆရာမများအား အခြားတက္ကသိုလ်ဆရာ၊ ဆရာမများနည်းတူဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှစ်ခုတည်းသာရှိတဲ့ သမဝါယမတက္ကသိုလ်မှ ဆရာဆရာမများရဲ့ ရာထူးတိုးကိစ္စနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနလက်အောက်မှ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ဆရာဆရာမအပေါင်း ၂၇၀၀ ကျော်အားနည်းပြဆရာဆရာမ အဆင့်မှ လက်ထောက်ကထိကအဆင့်ရာထူးသို့ တိုးမြှင့်ပေးခဲ့ကြောင်း။ ထိုသို့နည်းပြဆရာဆရာမများအား လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ဆောင်ရွက်ပေးရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှစ်ခုတည်းသာရှိတဲ့ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)နဲ့ သမဝါယမတက္ကသိုလ်(သန်လျင်)ပြည့် လုပ်သက်သုံးနှစ်ပြည့် ဆရာဆရာမများ

ရာထူးတိုးရာတွင် မပါရှိခဲ့ပါကြောင်း ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် အခြား တက္ကသိုလ်များရှိ ကထိကရာထူးဆရာဆရာမ ၃၇ ဦးအား တွဲဖက်ပါမောက္ခရာထူးသို့ တိုးမြှင့်ပေးခဲ့ ပါကြောင်း။ ထိုဆရာဆရာမများမှာ နည်းပြမှစ၍ ကထိကရာထူးထိ စုစုပေါင်း လုပ်သက်ခုနစ်နှစ် ရှိသော ဆရာဆရာမများကို တွဲဖက်ပါမောက္ခရာထူးသို့ သုံးနှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် တိုးပေး ခဲ့ခြင်းဖြစ်ပါကြောင်း သမဝါယမတက္ကသိုလ်ရှိ လုပ်သက်လေးနှစ်ရှိ ဆရာဆရာမများအား အဘယ်ကြောင့် ရာထူးတိုးမပေးသည်ကိုလည်း သိရှိလိုပါကြောင်း တင်ပြလာပါတယ်။

ထို့အပြင် ၎င်းတို့သမဝါယမတက္ကသိုလ်များတွင် ပြည်ထောင်စုရာထူးဝန်မှ ဦးစီးအရာရှိ စာမေးပွဲအောင်မြင်သူများအား သမဝါယမတက္ကသိုလ်များတွင် လက်ထောက်ကထိကအဖြစ် တိုက်ရိုက် ခန့်ထားခြင်းကြောင့် သမဝါယမတက္ကသိုလ်မှ ဆရာဆရာမများ ရာထူးတက်ရန် နှောင့်နှေးကြန့်ကြာ နစ်နာနေရပါကြောင်း။ ၎င်းတို့တာဝန်ထမ်းဆောင်နေသော သမဝါယမတက္ကသိုလ်များမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စီမံမှုအောက်တွင်တည်ရှိပါ၍ အခြားသမဝါယမတက္ကသိုလ် များနှင့်တစ်ပြေးညီ နိုင်ငံ့ဝန်ထမ်းအချင်းချင်း တက္ကသိုလ်ဆရာဆရာမများကို ဥပဒေနှင့်အညီတန်းတူ ညီတူအခွင့်အရေးရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြလာပါ၍ အခုမေးခွန်းအား မေးမြန်း ရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ သမဝါယမတက္ကသိုလ်ဆရာဆရာမများအား အခြားတက္ကသိုလ် ဆရာဆရာမများနည်းတူ ဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်း များဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိခဲ့ပါလျှင် မည်သည့်အချိန်တွင် ခွင့်ပြုမည်ကိုသိရှိလို ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီး ဌာနအောက်မှာ သမဝါယမတက္ကသိုလ်များ၊ သမဝါယမကောလိပ်များနှင့် သမဝါယမသင်တန်း ကျောင်းများရှိပါတယ်။ သမဝါယမတက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံမှာ အခြားတက္ကသိုလ်များနည်းတူ ဆရာ

ဆရာမများရဲ့ ရာထူးအဆင့်များတွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခစသည်ဖြင့် ဖွဲ့စည်းထားပါတယ်။ သမဝါယမကောလိပ်(မန္တလေး)နှင့် သမဝါယမကောလိပ် (ဖောင်ကြီး)တို့မှာ ဆရာဆရာမရာထူးအဆင့်တွေကို နည်းပြ၊ အကြီးတန်းနည်းပြ၊ လက်ထောက် ကထိက၊ ကထိက၊ ဒုတိယကျောင်းအုပ်(ဒုတိယညွှန်ကြားရေးမှူး)အဆင့်၊ ကျောင်းအုပ်ကြီး (ညွှန်ကြားရေးမှူး)အဆင့် စသည်ဖြင့် ဖွဲ့စည်းထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်မှာပါတဲ့ သမဝါယမတက္ကသိုလ်တွေရဲ့ ရာထူးတိုးမြှင့်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ယင်း၏ ဖွဲ့စည်းပုံမှာ အခြားတက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံနှင့် တူညီမှုမရှိတဲ့အတွက် အခြားတက္ကသိုလ်များနည်းတူ ရာထူးနေရာလစ်လပ်မှုအပေါ် မူတည်ပြီး သတ်မှတ်အရည်အချင်းကိုက်ညီသူတွေကို ရာထူးတိုးမြှင့်ခြင်း လုပ်ငန်းအား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သမဝါယမကောလိပ်တွေအတွက်လည်း လက်ရှိဖွဲ့စည်းပုံအရ ဝန်ထမ်းရာထူးတိုးမြှင့်ခြင်း လုပ်ငန်းကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ရာတွင် လက်ရှိ သမဝါယမကောလိပ်ရဲ့ ဖွဲ့စည်းပုံဟာ အခြားကောလိပ်များရဲ့ ဖွဲ့စည်းပုံနှင့်တူညီမှုမရှိတဲ့အတွက် ကောလိပ်တွေကို ဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာမှာ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဒီဂရီကောလိပ်များဖွဲ့စည်းပုံနှင့်တစ်ပြေးညီ ဖြစ်စေဖို့ စီစဉ်တင်ပြဆောင်ရွက်လျက် ရှိပါ တယ်။ အဆိုပါဖွဲ့စည်းပုံအသစ်ရရှိအတည်ပြုပြီးပါက ရာထူးတိုးမြှင့်ခြင်းလုပ်ငန်းတွေကို အခြား တက္ကသိုလ်၊ ဒီဂရီကောလိပ်များနည်းတူ စီစဉ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရေကာတာ ၂၃ မိုင်နှင့် မြစ်မခ အရှေ့ဘက်ကမ်းရေကာတာများကို တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမည့် အကြီးစားတည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းနဲ့ပတ်သက်တဲ့ ခတ်ပုံမှတ်တမ်းလေး

တွေကို Power Point အဖြစ် ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီ ဇူလိုင်လမှာ နှစ်နှစ်ဆက်တိုက် မိုးအဆက်မပြတ်ရွာသွန်းခဲ့လို့ လက်ပံတန်းမြို့နယ်အတွင်းက ဧရာဝတီမြစ်နှင့်မြစ်မခမြစ်တို့မှာ ရေကြီး ရေလျှံမှုကြောင့် ကျိုးပေါက်လုဆဲဆဲ ဧရာဝတီအရှေ့ဘက်ကမ်းရေကာတာ ၂၃ မိုင်နှင့် အပိုင်းပိုင်း အပြတ်ပြတ်ကျိုးပေါက်သွားခဲ့တဲ့ မြစ်မခအရှေ့ဘက်ကမ်းရေကာတာ ၁၂ မိုင်ကို တာပုံစံကျလမ်း လည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမယ့် အကြီးစားရေကာတာအသစ်တည်ဆောက်ခြင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးမယ့်အစီအစဉ်ရှိ/မရှိ မေးထားတဲ့မေးခွန်းဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းဟာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ဒုတိယအကြိမ် တတိယ ပုံမှန်အစည်းအဝေးမှာကတည်းက မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကိုရောက်နေပါပြီ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းတာမိုင် ၂၃ မိုင်အနက်က တာမိုင်(၃/၀)နှင့် (၈/၄)အထိ ငါးမိုင်နှင့် တာမိုင်(၁၉/၄)မှ (၂၆/၆)အထိ ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ရှစ်မိုင်ကိုတော့ အခု တာပုံစံကျအကြီးစားတည်ဆောက်တာ အခု ဧပြီလကပဲပြီးစီးသွားပြီဖြစ်ပါတယ်။ တာမိုင်(၈/၄)နှင့် တာမိုင်(၁၉/၄)ကြားမှာကျန်နေတဲ့ ၁၁ မိုင်ကိုလည်း အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာပါလာပြီဖြစ်လို့ ယခုပဲ လုပ်ငန်းတွေစတင်ပြီး တော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြစ်မခမြစ်ရဲ့အရှေ့ဘက်ကမ်းတာများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာပါလာပြီဖြစ်လို့ ယခုမိုးမကျမီ ရနိုင်သရွေ့တော့ အခု တာပုံစံကျတည်ဆောက်နေပြီ ဖြစ်ပါတယ်။ ဖြေဆိုရမယ့်အချိန်နောက်ကျနေတဲ့အတွက် ကျွန်တော်နှင့်ကျွန်တော့်မဲဆန္ဒရှင်များက စိတ်ပူပန်နေကြလို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့အစ ယခု မေလမှာ တင်ဒါကင်းလွတ်ချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကလည်း ပြီးပြတ်မှာမဟုတ်သေးလို့ ၂၀၁၇ ခုနှစ် မိုးရာသီ ရေကြီးနစ်မြုပ်မှုကိုတော့ ကာကွယ်ကြရဦးမှာဖြစ်ပါတယ်။ ယခုလို ကျွန်တော့် မေးခွန်းကို နောက်ကျမှဖြေဆိုသော်လည်း အောက်ခြေမှာလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရကို ဒေသခံများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ သို့သော် ဧရာဝတီရေကာတာမှာကျန်နေတဲ့ တာမိုင်(၂၆/၆)မှ (၂၇/၆)အထိ ၅ မိုင်ရယ်၊ မြစ်မခမြစ် အနောက်ဘက်ကမ်းရေကာတာမှာကျန်နေတဲ့ မင်းလှမြို့နယ်အပိုင်ထဲက ၁ မိုင်ခန့်နှင့် ခမုန်ဆင့်လမ်း တာမှာကျန်နေတဲ့ ၅ မိုင်တို့ကိုလည်းပဲ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပေးမယ့်

အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ တိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်း ရေကာတာ ၂၃ မိုင်နှင့်စပ်လျဉ်းပြီး တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်း ဖြစ်စေမယ့် အကြီးစားတည်ဆောက်ခြင်းလုပ်ငန်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆက်လက် ဆောင်ရွက်မယ့်အစီအစဉ်ရှိ/မရှိနှင့် မြစ်မခမြစ်အရှေ့ဘက်ကမ်း ရေကာတာတွေကိုလည်းပဲ အနောက်ဘက်ရေကာတာကဲ့သို့ တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်း ဖြစ်စေမယ့် အကြီးစားတည်ဆောက်ပေးမယ့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည် ဖြေကြားပေးမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ယခုမေးခွန်းနှင့်အဆက်အစပ်ရှိတဲ့မေးခွန်းကိုလည်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှာလည်း မေးမြန်းခဲ့မှုရှိပါတယ်။ လက်ရှိမှာ အဆိုပါ ရေဘေးကာကွယ်ရေးတာတွေကို ပြုပြင်တည်ဆောက်တာ ဆောင်ရွက်တဲ့အခြေအနေရှိနေပြီ ဖြစ်ပါတယ်။ မေးခွန်းမှာပါရှိတဲ့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာနှင့် မြစ်မခမြစ်အရှေ့ဘက်ကမ်း တာများ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းအားဖြင့် လက်ပံတန်းမြို့နယ်မှာရှိတဲ့ လယ်မြေဧက ၅၂၅၂၂ ဧက ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာပြုပြင်မှုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးပါမယ်။ အဆိုပါ ရေဘေးကာကွယ်ရေးတာဟာ စုစုပေါင်း ၂၇ မိုင် ၆ ဖာလုံ ရှိပါတယ်။ ၄ မိုင် ၄ ဖာလုံဟာ မိုးညိုမြို့နယ်အတွင်းမှာရှိပါတယ်။ ကျန် ၂၃ မိုင် ၂ ဖာလုံဟာ လက်ပံတန်းမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ ယခင်နှစ် ၂၀၁၆ ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုနှင့် ထူးကဲဒီရေမြင့်တက်စဉ်ကာလက လှိုင်းပုတ်လို့တာပဲ့ခြင်း၊ တာအိလျှောကျခြင်း၊ တာပေါ်ရေကျော်ခြင်းနှင့် ကျိုးပေါက်မှုများကို

ရေခွေခြင်း၊ မြေအိတ်ဆင့်ခြင်းနှင့် တာပဲ့မှုအား တုတ်တန်းရိုက်၊ မြေအိတ်ချ၊ ခြဲစည်းရိုးဖြင့် ကာကွယ်ခြင်းနှင့် ယာယီပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရပါတယ်။

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ ၂၇ မိုင် ၆ ဖာလုံကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းအလိုက် ဦးစားပေး အပိုင်းငါးပိုင်းခွဲခြားပြီး တာပုံစံလည်းဖြစ်၊ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမယ့် အကြီးစားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ တာမိုင်(၀/၀)ကနေ (၃/၀)အထိ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်အတွင်းက ဆောင်ရွက်ပြီးစီးခဲ့တဲ့အလျောက်၊ တာမိုင် (၃/၀) ကနေ (၈/၄)နှင့် တာမိုင်(၁၉/၄) ကနေ (၂၂/၆)အထိ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းကို မနှစ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနဲ့ လုပ်ငန်းများအားလုံး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ တာမိုင် (၈/၄)ကနေ (၁၉/၄)အထိ အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းအတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး မူလရန်ပုံငွေမှာ ထည့်သွင်းတောင်းခံခဲ့တဲ့အလျောက် ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့လိုလားချက်အရ အရေးကြီးလုပ်ငန်းတွေကို မိုးမတိုင်မီ ဦးစားပေးပြီး ဆောင်ရွက်ရမယ့်အပိုင်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်၍လည်း တာမိုင် (၂၂/၆)မှ (၂၇/၆)အထိ တာပုံစံကျပြင်ဆင်ခြင်းလုပ်ငန်းကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ မရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး မူလရန်ပုံငွေမှာ ဆက်လက်တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မြစ်မခမြစ်အရှေ့ဘက်ကမ်းတာများ ပြုပြင်မှုနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ မြစ်မခမြစ်အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်တဲ့ ကျီးပင်ဆိပ်-အိုးဘိုတန်းတာဟာ အလျား ၅ မိုင်၊ မြင်ကဝကျောက်အိုင်တာဟာ အလျား ၇ မိုင်နှင့် ဖိုးကတိုးတာဟာ အလျား ၄ မိုင် ၃ ဖာလုံရှိပြီး စုစုပေါင်း အလျား ၁၆ မိုင် ၃ ဖာလုံရှိပါတယ်။ အဆိုပါ မြစ်မခအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာတွေကို တာပုံစံကျဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်းဖြစ်စေမယ့်အကြီးစားပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး မူလရန်ပုံငွေမှာ ထည့်သွင်းတောင်းခံထားတဲ့အလျောက် ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်ပါတယ်။ လုပ်ငန်းများ ယခုအခါမှာ စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်းနှင့် အရေးကြီးလုပ်ငန်းပိုင်းများအား

ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သရက်မြို့နယ်၊ ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့သွားသော (၇)မိုင်ခန့်ရှိသည့်လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံမြင့်မှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ သရက်မြို့နယ်အနောက်တောင်ခြမ်းမှာရှိတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှ ဖက်ဆစ်ဂျပန်အားစတင်တော်လှန်ခဲ့တဲ့ ပုဏ္ဏားကျေးရွာရှိပါတယ်။ ၎င်းပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့ လူနှင့် လှည်းသွားရန် ၇ မိုင်ခန့်ဝေးသောလမ်းကြမ်းတစ်လမ်းလည်းရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အဆိုပါလမ်းဟာ ၁၉၆၅ ခုနှစ်ခန့်မှာ ဖောက်လုပ်ရန်စီမံခဲ့သော်လည်း ဆောင်ရွက်နိုင်မှုမရှိခဲ့ပါဘူး။ ခေတ်အဆက်ဆက် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ရန်စီမံချက်ချမှတ်ခဲ့သော်လည်း ဖောက်လုပ်နိုင်ခြင်းမရှိဘဲ ပျက်ပြယ်ခဲ့ရပါတယ်။ ၎င်းလမ်းမှာ ချိုင့်ခွက်များ၊ တောင်စောင်းများ၊ တောင်ကမ်းပါးများ၊ နက်နဲသော ချောက်ကမ်းပါးများရှိနေပါတယ်။ ဒါဟာ ကျွန်တော်တို့ နွေလမ်းပဲဖြစ်ပါတယ်။ မိုးတွင်းဆိုရင်တော့ လုံးဝသွားလို့မရပါဘူး။ ၎င်းလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက တလပါးကျေးရွာအုပ်စု၊ တွင်းလည်ကျေးရွာအုပ်စု၊ ပုဏ္ဏားကျေးရွာအုပ်စု၊ ဆင်ငေါ်ကျေးရွာအုပ်စု၊ ယမကျေးရွာအုပ်စု၊ ကြိုးကြာကျေးရွာအုပ်စု၊ တညင်မော်ကျေးရွာအုပ်စု၊ ဗန်းကုန်းကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၂၈ ရွာတို့ရဲ့ ကျေးရွာသူကျေးရွာသားများမှာ ၎င်းတို့ရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝအား အလွယ်တကူသွားလာဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ၎င်းကျေးရွာများဟာ ရေမြေတောတောင်စိမ်းလန်းစိုပြည်ပြီးတော့ စိုက်ပျိုးသီးနှံအများအပြားထွက်ရှိသောနယ်မြေဖြစ်သော်လည်း

ကုန်စည်ကူးသန်းသွားလာမှုခက်ခဲနေခြင်း၊ ဈေးကွက်မမီခြင်း၊ စီးပွားရေးတိုးတက်သင့်သလောက် မတိုးတက်ပါဘူး။ ပညာရေးတွင်လည်း ကျောင်းသူကျောင်းသားများ ခက်ခဲစွာသွားလာရ၍ ပညာသင်ကြားရခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ များစွာစိုးရိမ်သောကရောက်ရပါသဖြင့် ၎င်းကျေးရွာ ၂၈ ရွာမှ ရွာသူရွာသားများက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာ ၇ မိုင် ခန့်ရှိသောလမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကံမြင့်အနေနဲ့ မိမိဒေသဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ ကျေးလက်လမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး အခုလို မေးမြန်းတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် အတွင်းမှာရှိတဲ့ တွင်းလည်-ပုဏ္ဏား ကျေးရွာချင်းဆက်လမ်းဟာ အရှည် ၇ မိုင်ရှိပါတယ်။ အဆိုပါ လမ်းကို ဖောက်လုပ်လို့ရှိရင်တော့ သရက်-မင်းတုန်းလမ်းမကြီးကနေပြီးတော့ တလပါး-တွင်းလည်-အုတ်ဖို-ပုဏ္ဏား-ရွာမအထိ အရှည်(၁၂)မိုင် ဖောက်လုပ်ရမှာဖြစ်ပါတယ်။ အဆိုပါလမ်းဟာ သရက်-မင်းတုန်းလမ်းမကြီးကနေ တလပါးကျေးရွာအထိ ကျောက်ချောလမ်း ၁ မိုင်ရှိပြီး ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းအဆုံးမှစပြီး ပုဏ္ဏားကျေးရွာအထိ ၉ မိုင် ၁.၀၆ ဖာလုံ၊ ပုဏ္ဏား-ရွာမ ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၆.၉၄ ဖာလုံ စုစုပေါင်းအရှည် ၁၁ မိုင်ရဲ့ လက်ရှိလမ်းအခြေအနေဟာ မြေသားလမ်းအဆင့်ဖြစ်ပါတယ်။ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၁၉၄၀ နဲ့ လူဦးရေ ၇၆၀၀ ကျော်တို့ရဲ့ အကျိုးခံစားရတဲ့လမ်းဖြစ်ပါတယ်။ လမ်းအရှည် ၁၁ မိုင်ကို ကျောက်ခင်းလမ်း ခင်းမယ်ဆိုလို့ရှိရင်တော့ ငွေကျပ်သန်းပေါင်း ၇၂၉.၃၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ လမ်းတံတားလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေက ဦးစားပေးအလိုက် ရေးဆွဲတင်ပြတဲ့လုပ်ငန်းတွေအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး

ဌာနမှ စိစစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းလာတဲ့ သရက်မြို့နယ်အတွင်းမှာရှိတဲ့ တွင်းလည်-ပုဏ္ဏား ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိ သလို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း လျာထားချက်အရ ပါဝင်ခြင်းမရှိပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသော်လည်းပဲ ပြည်နယ်တိုင်းဒေသကြီးများမှ လျာထားတင်ပြတဲ့အခါမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး လျာထားဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆားလင်းကြီးမြို့နယ်အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားသော ချင်းတွင်းလျှပ်စစ်မြစ်ရေ တင်စီမံကိန်းကိုရုတ်သိမ်း၍ မူလအတိုင်းစိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာတောင်သူများသို့ ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျောက်မျက်ကျေးရွာရှိ ရပ်နား ထားသော ချင်းတွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုရုတ်သိမ်း၍ မူလအတိုင်းစိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးပြီး သက်ဆိုင်သူတောင်သူများသို့ ပြန်လည်ပေးအပ်ရန်အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ဖြစ်ကြောင်းတို့ကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မျက်ကျေးရွာရှိ ချင်းတွင်းမြစ်ရေတင်စီမံကိန်းကို ၂၉-၁၁-၂၀၀၀ ပြည့်နှစ်ကစတင်ခဲ့ပြီးတော့ ၃၁-၃-၂၀၀၈ ခုနှစ်မှာပြီးစီးခဲ့ပါတယ်။ ကုန်ကျငွေအားဖြင့် ၁၂၄၃.၁၈ သန်းနဲ့ US ဒေါ်လာ ၀.၄၆၄ သန်းဖြစ်ပါတယ်။ သို့ရာတွင် ချင်းတွင်းမြစ်ရေတင်စီမံကိန်းသည် အောင်မြင်မှုမရှိဘဲ ရပ်နားထားသည်မှာ ကြာပြီဖြစ်ပါ၍ ဒေသခံတောင်သူများရဲ့စိုက်ပျိုးမြေများ ဆုံးရှုံးပြီး ပင်မရေမြောင်းကြီးများနှင့် လက်တံမြောင်းများ၊ ပေါင်များကြောင့် ချင်းတွင်းမြစ်ရေတက်တိုင်း၊ တက်တိုင်းရေကြီးမှုဒဏ်ကိုခံကြရသည့်ဒုက္ခများသာ ပိုမိုကြုံတွေ့လာရပါတယ်။ သို့ဖြစ်ပါ၍ ပျက်စီးသွားသောမြောင်းပေါင်များကို စိုက်ပျိုးမြေများဖြစ်အောင် ပြန်လည်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုရန်တင်ပြအပ်ပါတယ်။ ဒါကတော့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းရဲ့ရေစုပ်စက်ပိုင်းဆိုင်ရာအချက်အလက်များကို ဖော်ပြတဲ့ဇယားဖြစ်ပါတယ်။ ၃၀ ကျူ့စက်က ခုနစ်လုံးနဲ့ ၉ ကျူ့စက် ကိုးလုံး စုစုပေါင်း ရေစုပ်စက် ၁၆ လုံးပါဝင်ပါတယ်။ ကျူ့စက်ဆိုတာကတော့ 315 Per-second တစ်စက္ကန့်မှာထွက်တဲ့ရေထုထည်ပမာဏကို ကုဗပေနဲ့တွက်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်နည်းကတော့ တစ်နာရီလျှင်ရေဘယ်နှစ်ဂါလန်ထွက်တယ်ဆိုတာလည်း ဖော်ပြပေးလို့ရပါတယ်။ ဒါကတော့ ရေက ကုဗပေတစ်ပေမှာ ၆၂.၄ ပေါင်လေးတယ်ဆိုတာရှိတယ်။ ရေတစ်ဂါလန်မှာလည်း ၁၀ ပေါင်လေးတယ်ဆိုတာရှိတယ်။ အဲဒီမှာ တစ်နာရီမှာဘယ်နှစ်ဂါလန်ဆိုတာလည်း အများသူငါနားလည် အောင်ရှင်းပြလို့ရပါတယ်။ ဒါကတော့ မြောင်းပိုင်းဆိုင်ရာအချက်အလက်ဖြစ်ပါတယ်။ ဒါကတော့ အခုမြင်တွေ့ရတဲ့ရေမြောင်းနဲ့ ရေပိုက်အခြေအနေဖြစ်ပါတယ်။ မူလက လယ်ယာမြေတွေက ရေမြောင်းနဲ့မြောင်းပေါင်တွေဖြစ်သွားတယ်။ စီမံကိန်းမပါဝင်တဲ့အခါကျတော့ ချင်းတွင်းမြစ်ရေတက်တဲ့အခါမှာ ဒီအနောက်ဘက်ကမ်းက ဒီပေါင်တွေကြောင့်မို့လို့ ရေပိုကြီးပြီး ရေဘေးဒုက္ခသည်တွေဖြစ်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မျက်၊ လက်ပံတောင်း၊ ညောင်ပင်ကြီး၊ ရွာရှည်စတဲ့ ချင်းတွင်းမြစ်ရဲ့အနောက်ဘက်ကမ်းကရွာတွေက နှစ်ခါနာတယ်ဆိုတဲ့ မြန်မာစကားပုံလောက်တင် မလုံလောက်တော့ပါဘူး။ အခု လေးခါ၊ ငါးခါမကနာနေကြပြီဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းကလည်း မုံရွာမြို့ကြီးရှိပါတယ်။ မုံရွာမြို့ကြီးကတော့ သူ့မြို့ထဲရေမဝင်အောင်လို့အုတ်တံတိုင်းကြီးခတ်နိုင်ပါတယ်။ အုတ်တံတိုင်းကြီးပေါ်မှာ ကားလမ်းတွေတောင်သွားနိုင်ပါတယ်။ ရေကြီးတဲ့အခါမှာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းကို ရောက်သွားပါတယ်။ ချင်းတွင်းမြစ်အနောက်

ဘက်ကမ်းမှာလည်း တင်ပြထားတဲ့အတိုင်း အခုလိုဆည်မြောင်းတာတမံတွေလုပ်ကြတယ်။ တစ်ခါ ထပ်နာရပါတယ်။ ဒါတင်မကသေးပါဘူး။ နောက်တစ်ချက်က ကြေးနီစီမံကိန်းဆိုတာလည်းရှိတော့ ကြေးနီစီမံကိန်းကလည်း စီမံကိန်းထဲရေမဝင်အောင်လို့ အခုလိုမြေပေါင်ကြီးတွေလုပ်ရတယ်။ မြေပေါင်လုပ်တဲ့အခါမှာ မြောင်းတူးရတော့ မြောင်းကြီးတွေလည်းဖြစ်တယ်။ တချို့နေရာတွေမှာ အုတ်တံတိုင်းလည်းခတ်တာတွေ့ရပါတယ်။ နောက်လေးအချက်ကတော့ ကျေးရွာတွေက ရေကြီးတဲ့ ဒဏ်အပြင် ရေကြီးတာကိုလည်းခံရတယ်။ ရေကြီးတာဖြစ်ရတာကလည်း လယ်မြေတွေပျက်လို့ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ဒီနေရာမှာပဲ ကျွန်တော့်ရဲ့မေးခွန်းကို ဖြေကြားပေးပါလို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်ရဲ့ ဆားလင်းကြီးမြို့နယ်အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားတဲ့ ချင်းတွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းကိုရုပ်သိမ်းပြီး မူလအတိုင်းစိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြုပြင် ဆောင်ရွက်ပေး၍ သက်ဆိုင်သူတောင်သူများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းမှာပါရှိတဲ့ ချင်းတွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်ပြီး အဆိုပါစီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့် ဘဏ္ဍာနှစ်တွေမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှာ ရေပေးဝေမှုကိုစတင်ဆောင်ရွက်ခဲ့ပါတယ်။ စတင်ရေပေးဝေခဲ့တဲ့အခြေအနေမှာ စိစစ်ချက်တွေအရ ဧက ၂၉၃၄ ဧက ၃၀၀၀ နီးပါး ရေပေးနိုင်ဖို့အတွက် စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ထိုစဉ်ကာလက ဆောင်ရွက်ရမယ့် ပဏာမစူးစမ်းလေ့လာမှုလုပ်ငန်းများရဲ့ အားနည်းချက်ကြောင့် အဆိုပါဧကကို အပြည့်အဝပေးနိုင်မယ့် အခြေအနေမျိုးမရှိသလို ပြောင်းလဲလာတဲ့သဘာဝတွေအရ ချင်းတွင်းမြစ်ရေရဲ့ဝင်ရောက်မှုနှင့် ဒေသခံတောင်သူတွေကလည်း ရေမလိုသော၊ ရေလိုအပ်မှုနည်းတဲ့ ဆောင်းသီးနှံတွေကိုသာ စိုက်ပျိုးလိုကြ

သည့်အတွက်ကြောင့်မို့လို့ စုစုပေါင်းသီးနှံစိုက်ဧက ၇၉၀၊ ၈၀၀ ခန့်ကိုသာ အများဆုံးရေပေးစိုက်ပျိုးခဲ့ရပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စီမံကိန်းရဲ့ရေသောက်ဧရိယာအတွင်းမှာ ကြက်သွန်၊ ပဲမျိုးစုံ စုစုပေါင်း ဧက ၁၀၀၀ ခန့်စိုက်ပျိုးခဲ့ပါတယ်။ ရေပေးဝေမှုအရ ဧက ၅၀၀ ကျော်ကိုသာ ရေပေးဝေခဲ့ရပါတယ်။

အဆိုပါ မြစ်ရေတင်လုပ်ငန်းအနေနဲ့ သီးနှံစိုက်ဧရိယာများအတွက် ရေပေးဝေခြင်းလုပ်ငန်း အပြင်ဒေသတွင်းသောက်သုံးရေအတွက်ကိုပါ အထောက်အကူဖြစ်လျက်ရှိတဲ့အခြေအနေ ဖြစ်ပါတယ်။ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းရဲ့ ရေပေးမြောင်းတွေကတစ်ဆင့် ရိုးပင်ရိုး၊ ထန်းတောကြီး၊ ညောင်ပင်ကြီး၊ ရွှေလှေ၊ ပလောင်၊ ဖောင်းကား(အလယ်)၊ ဖောင်းကား(မြောက်)နှင့် ကံကုန်းကျေးရွာ စုစုပေါင်းကျေးရွာရှစ်ရွာမှာရှိတဲ့ လူဦးရေ ၆၀၀၀ ခန့်ကို သောက်သုံးရေပေးဝေလျက်ရှိပါတယ်။ ဒါ့အပြင် မိုးရာသီကာလ ချင်းတွင်းမြစ်ရေတက်ချိန်မှာ လက်တံမြောင်းပေါင်တွေဟာ ရေနစ်မြုပ်ခြင်း မရှိသည့်အတွက်ကြောင့်မို့လို့ အဆိုပါကာလအတွင်း မြောင်းပေါင်များကို ကျေးရွာချင်းဆက်လမ်း သဖွယ် အသုံးပြုလျက်ရှိပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ မိုးခေါင်ခြင်းတို့ ဖြစ်ပေါ်ပြီး သီးနှံစိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ သောက်သုံးရေရှားပါးပြတ်လပ်မှုကြုံတွေ့ လာလျှင်သော်လည်းကောင်း အဆိုပါအခက်အခဲတွေကို တစ်ဖက်တစ်လမ်းမှဖြေရှင်းပေးနိုင်မယ့် မြစ်ရေတင်စီမံကိန်းအဖြစ် ရှိနေပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းမှုတွေကို ဆောင်ရွက်ပြီး ဆားလင်းကြီးမြို့နယ်ရှိတဲ့ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆက်လက် ထိန်းသိမ်းထားရှိမည်ဖြစ်ပါကြောင်းနှင့် ဖျက်သိမ်းရန်အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ Project တစ်ခုဖြစ်တဲ့ နိုင်ငံတော်ပိုင် စီမံကိန်းတစ်ခုဟာ ယခုကဲ့သို့နစ်နာဆုံးရှုံးမှု မဖြစ်ရအောင်၊ နစ်နာဆုံးရှုံးမှုဖြစ်တဲ့အခါမှာလည်း ပြန်လည် သိမ်းဆည်းမှုမရှိဘဲနဲ့ တန်ဖိုးရှိတဲ့ပစ္စည်းတွေ သံချေးတက်ပြီးတော့ တကယ့်တစ်ကယ် ဒီမော်တာတွေ လျှပ်စစ်ပစ္စည်းတွေဟာဆိုလို့ရှိရင် လူ့သက်တမ်းနဲ့တောင်ရှည်ပါတယ်။ အခုတိုင်းဆိုရင် ပျောက်တဲ့ဟာ

လည်းပျောက်တာရှိမယ်။ သံချေးတက်တာတွေလည်းရှိတယ်။ ဒါဟာအခုအချိန်ထိ ဒီအတိုင်းတွေ့နေရပါတယ်။ မြင်မကောင်းပါဘူး။ ဆိုလိုတာကတော့ အခုလိုဖြစ်တာဟာ အားနည်းတဲ့အချက်တွေရှိပါလိမ့်မယ်။ ဘာတွေအားနည်းတာလဲ။ အုပ်ချုပ်ရေးယန္တရားအနေနဲ့ လည်ပတ်မှုအားနည်းတာလား။ ဝန်ထမ်းတွေအနေနဲ့လည်းပဲ တာဝန်ဝတ္တရား(Duties and Functions)တွေ နားမလည်တာလား၊ မလုပ်ကြတာလား။ နောက်တစ်ခါ အထက်နှင့်အောက် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုအဆင့်၊ မြို့နယ်အဆင့်စသည်ဖြင့် အထက်နှင့်အောက် ပြန်လည်ပြီးတော့ သတင်းပို့တာတွေ Report Back ပြန်လည်သတင်းပို့ခြင်း မရှိကြဘူးလား။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အစည်းအဝေးမလုပ်ကြဘူးလား။ အဲဒါမျိုးတွေ လုပ်ဖို့လိုတယ်လို့ထင်ပါတယ်။ အဲဒီအားနည်းတဲ့အချက်တွေကို ပြုပြင်နိုင်မှသာလျှင် စီမံကိန်းကြီးတစ်ခုဟာ ကလေးကစားသလို အောင်လဲရတယ်၊ မအောင်လဲရတယ်။ မအောင်လဲ ဒီအတိုင်းပစ်ထားတယ်ဆိုတာကို ဒီပစ္စည်းတွေဟာ ဒါဟာနောက်စီမံကိန်းတွေအတွက် သုံးလို့ရပါတယ်။ တန်ဖိုးတွေကလည်း နှစ်ကြာလာတော့ နှစ်ဆတက်လာတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၅ နှစ်၊ နှစ် ၂၀ က ပစ္စည်းက မော်တာတစ်လုံးဟာ၊ သံပတ်တစ်ချောင်းဟာ အရင်ဈေးနဲ့မတူတော့ပါဘူး။ ဈေးက နှစ်ဆလောက်တက်လာပါတယ်။ အဲဒီတော့ အရင်တုန်းကတော့ အခု သန်း ၁၂၀၀ ဆိုတာက တစ်ဘီလီယံ ကျော်ပါတယ်။ ဒါကြီးက ဒီအတိုင်းတော့ အဆုံးအရှုံးမခံသင့်ပါဘူး။ အခုကျွန်တော်သိသလောက်ကျတော့ ကြံ့ခိုင်ရေးစရိတ်(Maintenance) တောင်းတယ်။ ရရင်သုံးတယ်။ မရရင်လည်း မသုံးဘူး။ ဒါပေမဲ့ ဘာမှလုပ်တာတော့ မတွေ့ရပါဘူး။ ဒီအတိုင်းသံချေးတွေတက်ပြီး ပစ်ထားတာတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီကိစ္စလေးကိုအာရုံစိုက်ပြီးတော့ ထိုက်ထိုက်တန်တန် ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ပြည်သူ့ပစ္စည်းကို ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ပေးစေချင်လို့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ နိုင်ငံတော်ရဲ့အကျိုးကိုရှေးရှုပြီး ထပ်ဆင့်မေးခွန်းအပေါ်မှာ များစွာကျေးဇူးတင်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ယခင်ကာလက တင်ပြခဲ့သလို စူးစမ်းလေ့လာမှုလုပ်ငန်းတွေအားနည်းချက်ရှိတဲ့အလျောက် နိုင်ငံတော်အနေနဲ့လည်း အကန့်အသတ်ရှိတဲ့လျှပ်စစ်ဓာတ်အားကြောင့် ဒီဆားလင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတာဆိုတာကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ

အားနည်းချက်တွေမှာ လက်ရှိပြောင်းလဲလာတဲ့အခြေအနေနဲ့လေ့လာပြီးတော့ ဆုံးရှုံးမှုမရှိစေဖို့ တန်ဖိုးရှိပစ္စည်းတွေကိုလည်းပဲ နိုင်ငံတော်အတွက် ပြန်လည်တန်ဖိုးရှိနိုင်ဖို့အတွက် ပြန်လည်စိစစ်ပြီး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထပ်ဆင့်မေးခွန်းအပေါ် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော်အမြဲပြောပါတယ်။ ကျွန်တော်တို့တစ်ခုပဲ မေးခွန်းအနေနဲ့ ပတ်သက်လို့သတိထားရမယ်။ ဝန်ကြီးဌာနရော၊ ကျွန်တော်တို့ကိုယ်စားလှယ်တွေရော ကျွန်တော်တို့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေမှာ ဆက်စပ်မေးခွန်းပဲဖြစ်ပါတယ်။ ထပ်ဆင့်မေးခွန်းမေးခွန်းမဟုတ်ပါဘူး။ ထပ်ဆင့်မေးခွန်းဆိုတာ အခြားမေးခွန်းတွေဖြစ်ရင်ဖြစ်မယ်။ မေးခွန်းအသစ်တွေလည်းပေါ်လာရင်ပေါ်လာမယ်။ အဲဒါက အဲဒီလိုလွှတ်တော်မှာ အခြားမေးခွန်းတွေ၊ မေးခွန်းအသစ်တွေထပ်ဆင့်ပြီးမေးလို့ မရပါဘူး။ ဆက်စပ်မေးခွန်းဆိုတာက မူလကိုယ်မေးတဲ့မေးခွန်းအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်ဖြေမယ်။ ပြန်ဖြေတဲ့အခါမှာ ကိုယ်လိုချင်တဲ့အဖြေကို ကိုယ့်အတိုင်းအတာရခြင်း/မရခြင်း၊ လိုအပ်ချက်ရှိရင် အဲဒီမေးခွန်းနဲ့အဲဒီအဖြေနဲ့ ကွဲလွဲမှုအပေါ်မှာဆက်စပ်ပြီးတော့ မေးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်များ ထပ်ဆင့်မေးခွန်းနဲ့ ဆက်စပ်မေးခွန်းသည် အဓိပ္ပာယ်လုံးဝမတူဘူး။ ထပ်ဆင့်မေးခွန်းဆိုရင် ဥပဒေနဲ့လုံးဝမညီဘူး။ ခွင့်ပြုမှာမဟုတ်ဘူး။ ဆက်စပ်မေးခွန်းသာလျှင် ကျွန်တော်တို့ခွင့်ပြုမယ်။ အဲဒါကိုကျွန်တော်တို့အားလုံးလည်း သဲသဲကွဲကွဲသိစေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာတမံဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာတမံဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ ၁၉၀၉ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ်(၄)အဖြစ် ပြဋ္ဌာန်းခဲ့တဲ့ တာတမံအက်ဥပဒေကို ခေတ်ကာလနဲ့လျော်ညီစွာ ကျင့်သုံးနိုင်ဖို့အတွက် အသစ်ပြန်လည်ရေးဆွဲခဲ့မှုနှင့်စပ်လျဉ်းပြီး အဆိုပါဥပဒေကြမ်း(မူကြမ်း) ပြဋ္ဌာန်းပေးနိုင်ရေးအတွက် အဆိုပြုတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၁၉၀၉ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ တာတမံအက်ဥပဒေဟာ ခေတ်ကာလနှင့်လျော်ညီမှုမရှိတော့တဲ့အတွက် လျော်ညီတဲ့ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံတော်အတွင်း ရေဘေးအန္တရာယ် လျှော့ချနိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာတမံများတည်ဆောက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး တည်ဆောက်ပြီးတာတမံများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် အန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး၊ တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းချက်များကို ပြည်သူများသိရှိသဘောပေါက်နားလည် ထိန်းသိမ်းကူညီပါဝင်စောင့်ရှောက်နိုင်ရေးကို ရည်ရွယ်ပြီး တာတမံဥပဒေ အသစ်ရေးဆွဲနိုင်ရေးအတွက် အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ တာတမံဥပဒေကြမ်း(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက်နှင့်အညီ လုပ်ထုံးလုပ်နည်းများအရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ကိုလည်းပဲ ရရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာလည်းပဲ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါတဲ့အတွက် တာတမံဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၇၉

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေ လ ၁၁ ရက်

အကြောင်းအရာ။ **တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၅၂၇)/ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တာတမံဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တာတမံဥပဒေကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်မှ တည်ဆောက်ထားသော တာတမံများ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန်အတွက် အရေးပေါ်ကာကွယ်မှု လုပ်ငန်းများကို ပြည်သူများမှ ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ခ) တည်ဆောက်ထားရှိပြီးဖြစ်သည့် တာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလတာတမံဥပဒေကိုခေတ်ကာလနှင့်လျော်ညီစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၁၂-၂၀၁၆ ရက်နေ့၊ ၁၅-၂-၂၀၁၇ ရက်နေ့၊ ၇-၃-၂၀၁၇ ရက်နေ့၊ ၂၀-၃-၂၀၁၇ ရက်နေ့၊ ၈-၅-၂၀၁၇ ရက်နေ့နှင့် ၉-၅-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ တာတမံဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၇၉

ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှ စ်၊ မေ လ ရက်

အကြောင်းအရာ။ **တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၅၂၇)/ပထစ - ၂၀၁၆

မူကြမ်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တာတမံဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တာတမံဥပဒေကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်မှ တည်ဆောက်ထားသော တာတမံများ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန်အတွက် အရေးပေါ်ကာကွယ်မှုလုပ်ငန်းများကို ပြည်သူများမှ ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ခ) တည်ဆောက်ထားရှိပြီးဖြစ်သည့် တာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလတာတမံဥပဒေကိုခေတ်ကာလနှင့်လျော်ညီစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၁၂-၂၀၁၆ ရက်နေ့၊ ၁၅-၂-၂၀၁၇ ရက်နေ့၊ ၇-၃-၂၀၁၇ ရက်နေ့၊ ၂၀-၃-၂၀၁၇ ရက်နေ့၊ ၈-၅-၂၀၁၇ ရက်နေ့နှင့် ၉-၅-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး များကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) တာတမံဥပဒေကြမ်းတွင် အခန်း(၅)ခန်းနှင့် အပိုဒ်ပေါင်း ၂၀ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**တာတမံဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။”

မူကြမ်း

( ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂။(က) တာတမံ ဆိုသည်မှာ ရေကို တားဆီးရန်၊ ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် မြေသားနံရံ၊ ရေလျှောင်တမံ၊ ရေချိုရေငန်တားတာတမံ၊ တာပေါင် တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် တာတမံကို အထောက်အကူပြုသည့် ရေထုတ်ပြွန်၊ ဆိပ်ခံ တံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့် အမှတ်အသား လည်းပါဝင်သည်။

(ဃ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ (ဂ) ဦးစီးဌာနဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနကိုဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာတမံအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၏ ဦးစီးဌာန တာဝန်ခံကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ခရိုင်တာတမံအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိ ခရိုင်ဦးစီးဌာန တာဝန်ခံကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို မြို့နယ်တာတမံအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာန တာဝန်ခံကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို တိရစ္ဆာန်ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လား၊ ဝက်၊ သိုးနှင့် ဆိတ်တို့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ရ)	အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အရေးပေါ်လုပ်ငန်း ဆိုသည်မှာ အကြောင်းအမျိုးမျိုး ကြောင့် တာတမံကျိုးပေါက်ပျက်စီးမှု ဖြစ်ပေါ်စေနိုင်သည့်အခါဖြစ်စေ၊ တာတမံ ကျိုးပေါက်ပျက်စီးသည့်အခါဖြစ်စေ အရေးပေါ်ပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည် ဟုပြင်ဆင်ပါသည်။

(ဌ)	အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)၊ (ည) နှင့် (ဋ)တို့အဖြစ် အောက်ပါတိုင်း အသစ်ဖြည့်စွက် ပါသည်-

၂။(ဈ)	ထိန်းသိမ်းခြင်းလုပ်ငန်း ဆိုသည်မှာ တာတမံမကျိုးပေါက်စေရန်နှင့် တာပုံစံတကျရှိစေရန် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ထိန်းသိမ်းပြုပြင်ရသော လုပ်ငန်းကိုဆိုသည်။

(ည) ပန်းတာ ဆိုသည်မှာ ပင်လယ်ရေငန်တားတာ သို့မဟုတ် ရေဘေး ကာကွယ်ရေးတာများသည် ရေကြီး၊ ရေလျှံ၊ ရေတိုက်စားမှုများ ကြောင့် တာကျိုးပေါက်မည့် စိုးရိမ်ရသော အခြေအနေရှိပါက လက်ရှိတာတမံ ၏ နောက်ဘက်တွင် အသစ်တည်ဆောက်သည့် တာတမံကို ဆိုသည်။

(ဋ) အုပ်ချုပ်ရေးမှူး ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကိုဆိုသည်။

(ဍ)	အခန်း(၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

## အခန်း(၂)

## ရည်ရွယ်ချက်

၃။	ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ် လျော့ချနိုင်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တာတမံ များ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး တာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက် နိုင်ရန်၊

(ဂ) တည်ဆောက်ပြီး တာတမံများ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဘေးအန္တရာယ် ကျရောက်လာ ပါက ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်ကာကွယ်မှု လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဃ) တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

(ဃ) အခန်း(၃)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**အခန်း(၃)**

**တာတမံ တည်ဆောက်ခြင်း**

၄။ ဝန်ကြီးဌာနသည် ရေဘေးကာကွယ်ရေး တာတမံနှင့် ရေငန်တားတာတမံများ အသစ်တည်ဆောက်ရာတွင်ဖြစ်စေ၊ လက်ရှိတာတမံသည် စိုးရိမ်ရသော အခြေအနေရှိ၍ ပန်းတာတည်ဆောက်ရာတွင်ဖြစ်စေ နိုင်ငံတော်အစိုးရက မြေအသုံးပြုရန် လိုအပ်သည့်အခါ သက်ဆိုင်ရာဒေသရှိ ပြည်သူများသိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ကြိုတင်ထုတ်ပြန်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်း ခံရသော ဦးစီးဌာန အရာရှိသည် ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ညှိနှိုင်းပြီး တာတမံနယ်နိမိတ်သတ်မှတ်ခြင်းနှင့် လိုအပ်သည့် ကြိုတင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ ပါ တာတမံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်မြေယာများ၊ အဆောက်အဦများ၊ သီးနှံများ ဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများသိရှိရန် လုံလောက်သောအချိန်ပေး၍ ကြိုတင်ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးတောင်းဆိုမှုများရှိပါက သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေး တွေ့ရှိချက်အရ လျော်ကြေးပေးရန် တာဝန်ရှိကြောင်းတွေ့ရှိလျှင် လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ယင်းလျော်ကြေးငွေ သတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

၈။ လျော်ကြေးပေးသည့် ကိစ္စရပ်များပြီးပြတ်သည့်အခါ ခရိုင်တာတမံအရာရှိသည် တာတမံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၉။ ပန်းတာတည်ဆောက်ရန် မြေနေရာ လိုအပ်ခြင်း၊ စွန့်ပစ်မြေများ စုပုံခြင်းကြောင့် မြေနေရာများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးတောင်းခံလာမှုများကို ခရိုင်တာတမံအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံလွှဲပြောင်း ပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါလျော်ကြေးငွေ တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ နှင့်အညီ ဆောင်ရွက်ရမည်။

(ဏ) အခန်း(၄)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

မူကြမ်း

## အခန်း(၄)

## တာတမံအရာရှိများ၏ လုပ်ငန်းတာဝန်များ

### တာတမံထိန်းသိမ်းပြုပြင်ခြင်း

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ၊ ခရိုင်တာတမံအရာရှိနှင့် မြို့နယ်တာတမံအရာရှိတို့သည် တည်ဆောက်ပြီး တာတမံများ ထိန်းသိမ်းပြုပြင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြစ်ကမ်းတိုက်စားမှု အခြေအနေကို နှစ်စဉ်နိုဝင်ဘာလတွင် တိုင်းထွာစစ်ဆေးခြင်း၊

(ခ) ထူးပေါက်များအား ပြန်လည်တူးဖော်၍ ခြတွင်းများ ဖယ်ရှားခြင်း၊ မြေသားအသစ်ထည့်ခြင်း လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခြင်း၊

(ဂ) နှစ်စဉ်ဒီဇင်ဘာလတွင် ရေမှတ်တိုင်များကြံ့ခိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်စိုက်ထူခြင်း၊

(ဃ) မိုးရာသီအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေမှတ်များအရ သတ်မှတ်သည့် တာတမံ၏ ရေလွတ်တာပေါင်ရှိ/မရှိ စစ်ဆေးခြင်း၊ တာမြှင့်ခြင်းလုပ်ငန်းများကို အစီအစဉ် ရေးဆွဲဆောင်ရွက် ခြင်း၊

(င) တာတမံများစစ်ဆေးရာတွင် သတ်မှတ်ပုံစံအရ တာအမြင့်၊ တာထိပ်အကျယ်နှင့် တာအောက်ခြေအကျယ် မပြည့်မီပါက ပြင်ဆင်ခြင်းလုပ်ငန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) ဦးစီးဌာနက ထိန်းသိမ်းထားသော တာတမံများ၏ နယ် နိမိတ်များအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ စိုက်ပျိုးခြင်းရှိမရှိ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ကျေးရွာလူထု၏ အစီအစဉ်ဖြင့် ဆောင်ရွက်သော ရေဘေးကာကွယ်ရေးတာတမံများအတွက် ကျွမ်းကျင်မှုဆိုင်ရာအကူအညီ ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း အဆင့်သတ်မှတ်၍ ဆောင်ရွက်ရမည်။

**ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၁၃။ ခရိုင်တာတမံအရာရှိသည် တာတမံတည်ဆောက် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ပြည်သူနှင့် ပူးပေါင်း ဆောင်ရွက်ရမည် -

(က) တာတမံများ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ တာတမံနှင့် ဆက်စပ်နေသော ပြည်သူလူထု၏ လိုအပ်ချက်များကို သိရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) ဆည်မြောင်းတာတမံနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းကြောင့် တာတမံထိန်းသိမ်းပြုပြင်ရာတွင် အခက်အခဲရှိခြင်းကိုကာကွယ်ရန် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အကြောင်းအမျိုးမျိုးကြောင့် ပန်းတာတည်ဆောက်ရာတွင် လယ်ယာမြေသိမ်းယူရေးအတွက် ထိခိုက်နစ်နာမည့် လယ်သမားများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တို့၏ ဆန္ဒကို ရယူပြီးလိုအပ်သည့် အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တာတမံ ပိုမိုကောင်းမွန်စေရန် တာတမံနှင့် ဆက်စပ်သော လယ်သမားများနှင့်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြခြင်း။

**ရေဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ**

၁၄။ တာတမံအရာရှိများသည် ရေဘေးအန္တရာယ် ကာကွယ်ရေးအတွက် အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်-

(က) မိုးရာသီမကျရောက်မီ တာတမံများ တောင့်တင်းခိုင်မာစေရန် စက်အင်အား၊ လူအင်အားများဖြင့် ကြိုတင်ပြုပြင်ခြင်း၊

(ခ) ကမ်းရိုးပြိုခြင်း၊ လှိုင်းရိုက်၍တာပြိုခြင်း၊ တာမြေမှ ရေစိမ့် ခြင်း၊ သဲပွက်ထခြင်း၊ တာအိတာလျှောခြင်းများမဖြစ်စေရန် ချို့ယွင်းချက်ရှိသော နေရာများကို အချိန်မီ ပြီးစီးအောင် ပြင် ဆင်ခြင်း၊

(ဂ) မိုးရာသီရောက်ရှိလျှင် သတ်မှတ်ချက်အတိုင်း ရေကင်းတဲများ တည်ဆောက်ခြင်းနှင့် အရေးပေါ် ကာကွယ်ရေးပစ္စည်းများ ကြိုတင် စုဆောင်းခြင်း၊

(ဃ) မြေပြင်အခြေအနေအရ ရေကင်းစောင့်အဖွဲ့များဖွဲ့၍ တာဝန် ချထားခြင်း၊ အချိန်ပြည့် ဆက်သွယ်နိုင်သော ဆက်သွယ်ရေး စခန်းများထားရှိခြင်း၊

(င) စိုးရိမ်ရေမှတ်ရောက်ချိန်မှစ၍ ပြန်ကျသည့်အချိန်အထိ အထူး ကိစ္စအနေဖြင့် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ မပျက် မကွက် သတင်းပေးပို့ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန် ရှိသူများနှင့်ညှိနှိုင်း၍ ရေဘေးအန္တရာယ်ကာကွယ်ရေး စီမံချက် များ ရေးဆွဲထားရှိခြင်း၊

(ဆ) ရေဘေးအန္တရာယ် ကျရောက်နိုင်သောဒေသရှိ ပြည်သူများကို ကြိုတင်အသိပေးခြင်းနှင့် အရေးပေါ်အစီအမံများ ဆောင်ရွက် ထားရှိခြင်း၊

(ဇ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက တာတမံ မကျိုးပေါက် စေရန်အတွက် လိုအပ်သော လုပ်အားနှင့် ပစ္စည်းအကူအညီ ရရှိရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သဘာဝ

ဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း။

(တ) အခန်း(၂) ခေါင်းစဉ်ကို အခန်း(၅)ခေါင်းစဉ်အဖြစ် အရေးပေါ်လုပ်ငန်းများဆောင်ရွက်ခြင်း ဟု ပြင်ဆင်ပါသည်။

(ထ) အခန်း(၂) အပိုဒ် ၃ ခြေဆင်းကို အခန်း(၅) အပိုဒ် ၁၅ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်။

၁၅။ တာတမံကျိုးပေါက်ပျက်စီးနိုင်သည့် အန္တရာယ် ကျရောက်လျှင် ခရိုင်အုပ်ချုပ်ရေးမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

( ဒ) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တောင်းခံခြင်း စကားရပ်၏နောက်တွင် နှင့်ပြုစုတင်ပြစေခြင်း စကားရပ်ဖြည့်စွက်ပါသည်။

( ဓ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ်(၃) အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

( န) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲရန် လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့် အခြားပစ္စည်းများ၊ သယ်ယူရန် ယာဉ်တို့ကို နီးစပ်ရာဒေသများမှ ရယူအသုံးပြုခြင်း၊

( ပ) အပိုဒ် ၄ ကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါလုပ်အားပေးမည့် လုပ်သားစာရင်းကို ခရိုင်တာတမံအရာရှိထံ ပေးပို့ရမည်။

( ဖ) အပိုဒ် ၅ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ခရိုင်တာတမံအရာရှိ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်းခံရသည့် မြို့နယ်တာတမံအရာရှိသည် ပုဒ်မ ၁၆ အရ လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

(ဗ) အပိုဒ် ၆ ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ ပုဒ်မ ၁၇ ပါ တာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်တာတမံအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဘ) အပိုဒ် ၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ (က) လုပ်အားပေးသူများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများ ရယူသုံးစွဲခြင်းနှင့် သယ်ယူခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန် လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်တာတမံအရာရှိက ဒေသအလိုက် အမြင့်ဆုံးဈေးနှုန်းဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာ ထုတ်ပေးရမည်။

(မ) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပေးသည့် ငွေပမာဏနှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ယ) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ရ) အခန်း(၃)ကို အခန်း(၆) အဖြစ်ပြင်ဆင်ပါသည်။

(လ) အခန်း(၃) အပိုဒ် ၈ ကို အခန်း(၆) အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံ၏ မြေလွှာကို ပျက်စီးစေနိုင်သည့် တူးဆွခြင်း၊ လှေ၊ သစ်ပင်၊ သစ်တုံး၊ ဝါး၊ ဝါးစည်းစသည့် ပစ္စည်းများကို တာတမံပေါ်မှ ဖြတ်ဆွဲခြင်းမပြုရ။

(ဝ) အပိုဒ် ၉ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၁။ မည်သူမျှ တာတမံခိုင်ခံ့မှုကိုဖြစ်စေ၊ တာတမံကို အထောက်အကူပြုသည့် အဆောက်အအုံများကိုဖြစ်စေ ပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။

(သ) အပိုဒ် ၁၀ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၂။ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏နယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမွေးမြူခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်ယန္တရားတစ်ခုခုထားရှိအသုံးပြုခြင်းမပြုရ။

(ဟ) အပိုဒ် ၁၁ ကို အပိုဒ် ၂၃ အဖြစ်အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၃။ မည်သူမျှ တာတမံပေါ်တွင်ဖြစ်စေ၊ တာတမံ၏နယ်နိမိတ်အတွင်း ဖြစ်စေ ကျွဲ၊ နွား၊ တိရစ္ဆာန်ကို လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်းမပြုရ။

( ဠ) အပိုဒ် ၁၂ ကို အပိုဒ် ၂၄ အဖြစ်အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၄။ မည်သူမျှ ဦးစီးဌာနက မိုးရေတိုက်စားမှုကာကွယ်ရန် တာတမံ ပေါ်တွင် ထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့် အကာအကွယ်ပစ္စည်းတို့ကို ဖျက်ဆီးခြင်း မပြုရ။

(အ) အပိုဒ် ၁၃ ကို အပိုဒ် ၂၅ အဖြစ်အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၅။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံနှင့်ဆက်စပ်နေသည့် ရေနုတ်မြောင်း သို့မဟုတ် ရေတံခါးကို ပိတ်ပင်တားဆီးခြင်း မပြုရ။

( - ) အပိုဒ် ၁၄ ကို အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၆။ မည်သူမျှ တာတမံပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ယာဉ်များဖြတ်သန်း မောင်းနှင်ခြင်းမပြုရ။

( - ) အပိုဒ် ၁၅ ကို အပိုဒ် ၂၇ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာအတွင်း တာတမံတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းမပြုရ။

( - ) အခန်း(၄)ကို အခန်း(၇)အဖြစ် ပြင်ဆင်ပါသည်။

( - ) အခန်း(၄) အပိုဒ် ၁၆ ကို အခန်း(၇) အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၈။ မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နှင့် ၂၇ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်နှစ်နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

( - ) အပိုဒ် ၁၇ ကို အပိုဒ် ၂၉ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂၉။ မည်သူမဆို ပုဒ်မ ၂၀၊ ၂၃၊ ၂၄ နှင့် ၂၆ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အခန်း(၅)ကို အခန်း(၈)အဖြစ် ပြင်ဆင်ပါသည်။

( - ) အခန်း(၅) အပိုဒ် ၁၈ ကို အခန်း(၈) အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

( - ) အပိုဒ် ၃၁ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၃၁။ The Embankment Act (Burma Act IV, 1909) အရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

မူကြမ်း

( - ) အပိုဒ် ၁၉ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

( - ) အပိုဒ် ၂ဝ ကို အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၃။ The Embankment Act (Burma Act IV, 1909) ကို ဤဥပဒေ ဖြင့် ရုပ်သိမ်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ တာတမံဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၅-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ (၁၈.၅.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုဝန်ကြီး



ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)



ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)



ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)



ဦးကံမြင့်(သရက်မဲဆန္ဒနယ်)



ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)



ဦးလှကျော်(စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်